

# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်








# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

## ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်

ကလေးသူငယ်များနှင့် ကျေးရွာလူထုတို့သည်

- National Human Rights Institution (NHRI) ဆိုသည့် အခြေခံ သဘောတရားကို သိနားလည်စေရန်။
- မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ တာဝန် (Role)၊ လုပ်ပိုင်ခွင့်များ (Mandate) နှင့် တိုင်ကြားမှု ယန္တရား (Complaint Mechanism) အကြောင်းကို ပိုမိုသိရှိလာစေရန်နှင့်
- ယင်းတိုင်ကြားမှု ယန္တရားကို သိရှိလာပြီးနောက် ကလေးသူငယ်အခွင့်အရေး ထိပါးချိုးဖောက်ခံရမှုများကို ကော်မရှင်သို့ ဆက်သွယ်တိုင်ကြားလာနိုင်စေရန်။

## လူ့အခွင့်အရေးကော်မရှင်ဆိုတာ ဘာလဲ။



လူ့အခွင့်အရေးကော်မရှင်ဆိုတာ လူသားအားလုံးရဲ့ အခွင့်အရေးတွေကို မြှင့်တင်အသိပညာပေးဖို့နဲ့ ကာကွယ်စောင့်ရှောက်ဖို့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဒါမှမဟုတ် ဥပဒေအရ တာဝန်ပေးအပ် ဖွဲ့စည်းထားတဲ့ လွတ်လပ်တဲ့ နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါတယ်။




နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးရပြီး၊
ရန်ပုံငွေကိုလည်း နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးရပါတယ်။
လူ့အခွင့်အရေးကော်မရှင်ကို ပါရီအခြေခံမူများနှင့်အညီ ဖွဲ့စည်းရပါတယ်။
ဒါပေမဲ့ ကော်မရှင်ဟာ အစိုးရရဲ့ ကြီးကြပ်မှုအောက်တွင်မရှိဘဲ လွတ်လပ်စွာ ဆောင်ရွက်ရပါတယ်။

## ပါရီအခြေခံမူဆိုတာ ဘာလဲ။

ပါရီအခြေခံမူဆိုတာ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းတွေ ဖွဲ့စည်းတည်ထောင်မှုနဲ့ဆိုင်တဲ့စံနှုန်းများကို ဖော်ပြထားတဲ့ မူများ ဖြစ်ပါတယ်။



ဒီစံနှုန်းတွေကို လူ့အခွင့်အရေးကော်မရှင်တွေရဲ့ တရားဝင်ဖြစ်တည်မှုနဲ့ ယုံကြည်ကိုးစားနိုင်မှုကို ဆန်းစစ်နိုင်တဲ့ မူအဖြစ် နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြပါတယ်။

# ဘယ်လိုတာဝန်တွေရှိလဲ။

ကော်မရှင်တွေရဲ့ တာဝန်ကို ခြုံငုံပြောရရင်တော့ လူ့အခွင့်အရေးမြှင့်တင်ခြင်းနဲ့ (အသိပညာပြန့်ပွားရေး) ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်ပါတယ်။

ကော်မရှင်ဟာ လူ့အခွင့်အရေးမြှင့်တင်ရေး (Promotion) အသိပညာပြန့်ပွားရေးနဲ့ ပတ်သက်ပြီး ဒီလိုလုပ်ငန်းတွေ လုပ်ဆောင်ကြရပါတယ်။



ကော်မရှင်ဟာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး
(Protection) နဲ့ ပတ်သက်ပြီး ဒီလိုလုပ်ငန်းတွေ
လုပ်ဆောင်ကြရပါတယ်။




၁။ တိုင်ကြားစာများ
လက်ခံခြင်း

၂။ စုံစမ်းစစ်ဆေးခြင်း
လုပ်ငန်းများ ဆောင်ရွက်ခြင်း

၃။ စစ်ဆေးတွေ့ရှိချက်များအပေါ်
ထုတ်ပြန်ကြေညာချက်၊
အကြံပြုချက် အစီရင်ခံစာများ
ပေးပို့ခြင်း

၄။ ပြည်သူလူထုအတွင်း သွားရောက်စုံစမ်းမေးမြန်းခြင်း

၅။ ဆန်းစစ်လေ့လာခြင်း

၆။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုကြောင့် ထိခိုက်နစ်နာသူအား ပြန်လည်ကုစားမှုရရှိရေး
သို့မဟုတ် နစ်နာကြေးရရှိစေရေးအတွက် ဆောင်ရွက်ခြင်း

၇။ ဥပဒေ၏ အကာအကွယ်နှင့် တရားမျှတမှုရရှိရေး ဆောင်ရွက်ခြင်း

အထက်ပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အစိုးရဌာနများ၊
အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါတယ်။
လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးနှစ်ရပ်စလုံးကို ဆောင်ရွက်ရတဲ့
လုပ်ငန်းနှစ်ရပ်ကတော့ နိုင်ငံတကာရေးရာ၊ ဥပဒေရေးရာ ကိစ္စရပ်များ
ဆောင်ရွက်ခြင်းတို့ဖြစ်ပါတယ်။

## ဘယ်သူတွေနဲ့ ဖွဲ့စည်းလေ့ရှိလဲ။



ကော်မရှင်ကို လူ့အခွင့်အရေးဘာသာရပ်ကျွမ်းကျင်သူများ၊ လူ့အခွင့်အရေးအတွက် ဆောင်ရွက်နေတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးအတွေ့အကြုံရှိသော အစိုးရအရာထမ်းဟောင်းများ၊ အလုပ်သမားသမဂ္ဂများ၊ လူမှုရေးရာနှင့် ကျွမ်းကျင်ပညာရှင်အဖွဲ့အစည်းများ (ဥပမာ - ဥပဒေရေးရာ အသင်းအဖွဲ့များ၊ ဆရာဝန်များအသင်း၊ သတင်းထောက်များအသင်း)၊ ထင်ပေါ်ကျော်ကြားသော ပညာရှင်များ (ဥပမာ - အတွေးအခေါ်ပညာရှင်များ၊ တက္ကသိုလ်များနှင့် တစ်သီးပုဂ္ဂလပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ) စတဲ့ နယ်ပယ်အစုံမှ ကျွမ်းကျင်ပညာရှင်များနဲ့ ဖွဲ့စည်းနိုင်ပါတယ်။

## ကော်မရှင်ဟာလူထုနဲ့တွေ့ဆုံဖို့လိုသလား၊ ဘာကြောင့်လဲ။

ကော်မရှင်ဟာ လူ့အခွင့်အရေး အသိပညာများ ဖြန့်ဝေဖို့၊ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေတွေကို ဆန်းစစ်လေ့လာဖို့နဲ့ လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွေကို စုံစမ်းစစ်ဆေးဖို့အတွက် လူထုနဲ့တွေ့ဆုံဖို့ လိုပါတယ်။ ဒါမှသာ ပြည်သူလူထုရဲ့ ဖြစ်ပျက်နေတဲ့ ပကတိ အခြေအနေတွေကို သိရှိမှာဖြစ်ပြီး အစိုးရကို တိုက်တွန်းအကြံပြုနိုင်မှာ ဖြစ်ပါတယ်။



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) ကို ဘယ်တုန်းကဖွဲ့ထားလဲ။ ဘယ်သူတွေပါသလဲ။




၂၀၁၁ | ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်

- ၂၀၁၁ ခုနှစ်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။
- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ပြည်ထောင်စု လွှတ်တော်ကနေ ဥပဒေ ပြဋ္ဌာန်းခဲ့ပြီး၊
- ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှာ ဥပဒေနဲ့အညီ ကော်မရှင်ကို အသစ်ပြန်လည် ဖွဲ့စည်းခဲ့ပါတယ်။




## ဘာရည်ရွယ်ချက်နဲ့ ဖွဲ့ထားသလဲ။

"မြန်မာနိုင်ငံအတွင်း၌ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာ ကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်" ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကော်မရှင်ကို ဖွဲ့စည်းထားပါတယ်။

# ဥပဒေမှပြဋ္ဌာန်းပေးထားသောကော်မရှင်၏လုပ်ပိုင်ခွင့်တာဝန်ဘာတွေရှိလဲ။

လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ လူထုအသိပညာမြှင့်တင်ရေးလုပ်ငန်းများ



- နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း

- တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ/မရှိ လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြဋ္ဌာန်းသင့်သည့် ဥပဒေများ ပြင်ဆင်ဖြည့်စွက်သင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း



- လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနများမှ လိုအပ်သလို ဆောင်ရွက်နိုင်ရန် အကြံပြုချက်များဖြင့် ဆက်လက်ပေးပို့ခြင်း

- လူ့အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပွားသည့် နေရာများသို့ သွားရောက်စစ်ဆေးခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းဌာနများသို့ အကြောင်းကြား၍ သွားရောက်စစ်ဆေးခြင်း



- အရပ်ဘက်အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစုများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခြင်း




- ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် အပါအဝင် အခြားသော အမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

- ကော်မရှင်၏ ဆောင်ရွက်ချက်များအကြောင်း အစီအရင်ခံစာ ပြုစုခြင်း၊ ထုတ်ပြန်ခြင်းနှင့် အထူးအစီရင်ခံစာများနှင့် နှစ်ပတ်လည်အစီရင်ခံစာများကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း








## လူ့အခွင့်အရေးချိုးဖောက်ရင် ကော်မရှင်က ဘာတွေလုပ်နိုင်သလဲ။

လူ့အခွင့်အရေးဖောက်ဖျက်မှုများ ကျယ်ပြန့်စွာ ဖြစ်ပွားနေသည်ကိုလည်းကောင်း ဖောက်ဖျက်မှုသည် စနစ်တစ်ရပ်အဖြစ် သဘာဝတရားမျှတမှု သဘောတရားနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုပြီး တရားမကျင့်ထုံး၊ ရာဇဝတ်ကျင့်ထုံးနှင့် သက်သေခံဥပဒေတို့ပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်ပါသည်။



## လူ့အခွင့်အရေးလေးစားမှုလိုက်နာကျင့်သုံးမှုများ ထွန်းကားပြန့်ပွားလာအောင် ကော်မရှင်က ဘာတွေလုပ်သလဲ။



သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ ပညာပေးခြင်းတို့နဲ့ လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး အများပြည်သူ အသိပညာအဆင့်အတန်းမြှင့်တင်ဖို့၊ ခွဲခြားမှုပုံသဏ္ဍာန်အားလုံးကို တိုက်ဖျက်တဲ့ ကြိုးပမ်းအားထုတ်မှုတွေကို ဆောင်ရွက်ရပါတယ်။

## တိုင်ကြားရင် ဘာတွေပါရမလဲ။

အကယ်၍ လူ့အခွင့်အရေးချိုးဖောက်ခံရလို့ တိုင်ကြားချင်ရင် အောက်ပါအချက်အလက်တွေကို ပြည့်စုံအောင် ပြင်ဆင်ထားရမယ်။

၁ တိုင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း၊ ဖက်စ် (fax) နှင့် အီးမေးလ် (email) တို့ရှိလျှင် ပြည့်စုံစွာဖော်ပြရန်)

၂ တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

၃ တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊

၄ တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။



# ကလေးအခွင့်အရေးတွေကိုရောကော်မရှင်ကကာကွယ်စောင့်ရှောက်ပေးသလား။ ဘယ်လိုကာကွယ်စောင့်ရှောက်ပေးသလဲ။

ကော်မရှင်အနေနဲ့ ကလေးသူငယ်အခွင့်အရေးနဲ့ ပတ်သက်တဲ့ သက်ဆိုင်ရာဌာနများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။



ကော်မရှင်အဖွဲ့ဝင်များထဲမှာဆိုရင် ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ကလေးသူငယ်အရေးနဲ့ ပတ်သက်ပြီး အဓိက တာဝန်ယူထားသလို၊ ဝန်ထမ်းရေးရာဘက်မှာလည်း ဒုတိယညွှန်ကြားရေးမှူးတစ်ဦးက Child Desk Officer (ကလေးသူငယ်အရာရှိ) အဖြစ် တာဝန်ယူဆောင်ရွက်နေပါတယ်။

လူမှု/ကယ်ဆယ်ဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်နေပါတယ်။

## ကလေးနဲ့ပတ်သက်ရင် ဘယ်လိုအမှုမျိုးတွေတိုင်ကြားနိုင်သလဲ။

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အခွင့်အရေးချိုးဖောက်ခံရတဲ့ ဘယ်အမှုမျိုးကိုမဆို တိုင်ကြားနိုင်ပါတယ်။






## လူ့အခွင့်အရေးချိုးဖောက်မှုများနဲ့ပတ်သက်ပြီးတိုင်ကြားချင်ရင်ဘယ်လိုဆက်သွယ်ရမလဲ။

တိုင်ကြားချက်ကို ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ လိပ်မူ၍ စာတိုက်မှ မှတ်ပုံတင်စာဖြင့် ဖြစ်စေ၊ ပြည်တွင်း/ ပြည်ပ အမြန်ချောပို့စနစ်ဖြင့် ဖြစ်စေ၊ ဖက်စ် (fax) ဖြင့် ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊

အီးမေးလ် (email) လိပ်စာ protection@mnhrc.org.mm သို့ ဖြစ်စေ ဆက်သွယ်၍ တိုင်ကြားနိုင်ပါတယ်။

## ကော်မရှင်ကိုဘယ်လိုဆက်သွယ်နိုင်မလဲ။

အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ဖြစ်စေ၊ တယ်လီဖုန်း အမှတ် ၀၁ ၆၅၄ ၆၈၁ သို့ ဖြစ်စေ၊ ဆက်သွယ်နိုင်ပါတယ်။

အီးမေးလ် (email) အနေဖြင့်
မြှင့်တင်ရေးနှင့် စပ်လျဉ်းပြီး promotion@mnhrc.org.mm သို့ လည်းကောင်း၊
ကာကွယ်စောက်ရှောက်ရေးနှင့် စပ်လျဉ်းပြီး protection@mnhrc.org.mm  သို့ လည်းကောင်း ဆက်သွယ်နိုင်ပါတယ်။



MNHRC
MYANMAR NATIONAL HUMAN RIGHTS COMMISSION

NCRWG
NGO Child Rights Working Group

Norad

Save the Children

CFN

Guardian
Education's Based on - Good Citizen

KRSDO

SCVG
Youth for Youth, Youth for Community

